# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖိန်ထံသို့ အိတ်ဖွင့်ပေးစာ

နေ့စွဲ။ ။ ၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ၂၅ ရက်

ကျွန်ုပ်တို့ မြန်မာနိုင်ငံ အရပ်ဘက်အဖွဲ့အစည်းများ၊ သပိတ်စစ်ကြောင်းများ၊ ပညာရှင်များ၊ နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂများနှင့် ရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ်အစုအဖွဲ့ ၅၅၈ ဖွဲ့သည် လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေကြောင့် တရုတ်-မြန်မာ ပြည်သူချင်းဆက်ဆံရေး ကိစ္စရပ်များ ပိုမိုဆိုးရွားလာသည့်အပေါ် စိုးရိမ်သည့်အတွက် ရေးသားလိုက်ပါသည်။

မြန်မာနိုင်ငံအားထိန်းချုပ်ရန် ကြိုးစားနေပြီး ပြည်သူလူထုအပေါ် ဖိနှိပ်နေသော၊ လူမျိုးတုံးသတ်ဖြတ်နေသည့် မြန်မာစစ်ကောင်စီကို တရုတ်အစိုးရအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများက တရားဝင် အသိအမှတ် ပြုနေသည့် ကိစ္စရပ်များကြောင့် စိုးရိမ်ပူပန်ရခြင်း ဖြစ်ပါသည်။

ယခုလုပ်ရပ်များကို အဆောတလျင် ပြန်လည် ရုပ်သိမ်းခြင်း မရှိပါက တရုတ်နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လူထုတော်လှန်ရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းလာသည့် ဆက်ဆံရေးအခြေအနေ ရောက်လာမည်ကို မိမိတို့အနေဖြင့် စိုးရိမ်မိပါသည်။

ကျွန်ုပ်တို့အနေဖြင့် ရှေ့ဆက်၍ တရုတ်-မြန်မာ ပြည်သူချင်းရင်းနှီးချစ်ကြည်မှုကို ပိုမိုခိုင်မာစွာ တည်ဆောက်နိုင်သည့် ဆက်ဆံရေးကို မြင်တွေ့လိုပြီး ထိုသို့ ကောင်းမွန်သည့် ဆက်ဆံရေးလမ်းကြောင်း ရှိနေကြောင်းလည်း မြင်တွေ့ထားပါသည်။

ကျွန်ုပ်တို့အနေဖြင့် တရုတ်နိုင်ငံက အောက်ပါအချက်များကို အမြန်ဆုံး အကောင်အထည်ဖော်ခြင်းဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ပြန်လည်ဖော်ဆောင်ရန် တိုက်တွန်းလိုပါသည်။

(၁) စစ်ကောင်စီအား တော်လှန်နေသည့် အရပ်ဘက်အဖွဲ့အစည်းများ၊ အခြား မြောက်မြားစွာသော ပြည်သူ့အဖွဲ့ အစည်းများနှင့် နီးနှောဖလှယ် ဆက်ဆံခြင်းများကို အမြန်ဆုံး ပြန်လည်စတင်ရန် လိုအပ်သည်။

အဆိုပါ ထိတွေ့ဆက်ဆံမှုများသည် အနာဂတ်တွင် တရုတ်-မြန်မာချစ်ကြည်ရေးကို ပိုမို ခိုင်မာစေမည် ဖြစ်ပါသည်။

(၂) တရုတ်အစိုးရနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ကြား အဆင့်မြင့် နိုင်ငံရေး ဆွေးနွေးမှုများ စတင်ဆောင်ရွက်ရပါမည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် အကူးအပြောင်းကာလ တရားဝင် အသိအမှတ် ပြုထားသည့် အစိုးရဖြစ်ပြီး မြန်မာနိုင်ငံပြည်သူများကို ကိုယ်စားပြုပါသည်။

(၃) နိုင်ငံရေး ပါတီများ ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ ရှမ်းတိုင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ အခြားမြန်မာနိုင်ငံရေးပါတီများနှင့် ပါတီချင်း ဆွေးနွေးမှုများ ပြန်လည်စတင်ရပါမည်။

အဆိုပါ ပါတီချင်း ဆက်ဆံရေးသည် ကျွန်ုပ်တို့နိုင်ငံ၏ နိုင်ငံရေး ဆွေးနွေးမှုများအတွက် အရေးပါသည့် အချက် ဖြစ်သည်။

(၄) တရားမဝင်သည့် စစ်ကော်စီနှင့် စီးပွားရေးလုပ်ငန်းအသစ်များ စတင်ခြင်းကို ရပ်တန့်ရပါမည်။

မြန်မာပြည်သူများအနေဖြင့် စီမံကိန်းအသစ်များကို ပြည်သူများနှင့် ဆွေးနွေးတိုင်ပင်မှုများ မရှိဘဲ ဆောင်ရွက်နေခြင်းကို လွန်စွာ စိတ်ဆိုး ဒေါသထွက်နေကြပါသည်။ မြန်မာစစ်တပ်သည် ပြည်သူများနှင့် ဘယ်သောအခါမျှ တိုင်ပင်ဆွေးနွေးနိုင်မည့်သူ မဟုတ်ပါ။

မည်သည့်နိုင်ငံမှ ဖြစ်စေ အသစ်လာရောက် လုပ်ကိုင်သည့် စီမံကိန်းများအားလုံးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ပစ်မှတ်ထားနိုင်သောကြောင့် တရုတ်အစိုးရအတွက် ကြီးမားသည့် ဆုံးရှုံးမှုကြီးများ ဖြစ်လာမည်ကို မိမိတို့က များစွာ စိုးရိမ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် တရုတ်နိုင်ငံသည် မြန်မာပြည်တွင်းစစ်အလွန်ကာလ မြန်မာစစ်တပ် ရှုံးနိမ့်ပြီး စစ်တန်းလျား ပြန်ရောက်သည့် အခြေအနေ ရောက်သည့်အခါ ပြန်လည် တည်ဆောက်ရေးအတွက် အဓိက ဇာတ်ကောင်အဖြစ် ပါဝင်ရန် ကြိုဆိုပါသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) ကို ကျွန်ုပ်တို့နိုင်ငံတွင် တရားဝင် အစိုးရ ပြန်လည်တင်မြောက်နိုင်စေရန်အတွက် အထောက်အကူ ပြုစေမည့် အစီအစဉ်အဖြစ် ထည့်သွင်း စဉ်းစားရန် ကြိုဆိုပါသည်။

(၅) တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းနေသည့် မြန်မာစစ်တပ်အား အကူအညီ အထောက်အပံများ၊ ရန်ပုံငွေများ နှင့် အခြားအထောက်အပံ့များ ထောက်ပံ့ခြင်းကို ရန်တန့်ရမည်။

အဆိုပါအထောက်အပံ့များ အားလုံးသည် ပြည်သူလူထုထံ မည်သည့်အခါမျှ ရောက်ရှိနိုင်မည် မဟုတ်ပါ။

အဆိုပါ အထောက်အပံ့များအား ပြည်သူများကို အကြမ်းဖက် ဖိနှိပ်ရန် လက်နက်အဖြစ် အသုံးပြုခြင်းအတွက် တရုတ်နိုင်ငံသည် စစ်ရာဇဝတ်ကျူးလွန်မှုများတွင် ကြံရာပါဖြစ်မည် ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အဆိုပါအထောက်အပံ့များကို ကျွန်ုပ်တို့ တော်လှန်ရေးတွင် ပါဝင်နေကြသည့် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များကို ပံ့ပိုးရန် တိုက်တွန်းနှိုးဆော်ပါသည်။

(၆) အာဏာသိမ်း မအောင်မြင်သည့် မြန်မာစစ်တပ်၏ မရိုးသားသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အရင်းအနှီးများ ဖြုန်းတီးနေခြင်းကို ရပ်တန့်ရပါမည်။

နှစ် (၇၀) ကျော်ကြာ မိမိတို့ပြည်သူများကို ဖိနှိပ်တိုက်ခိုက်နေသည်ကို ကြည့်ခြင်းဖြင့် အာဏာသိမ်းရန် ကြိုးပမ်းနေသည့် မြန်မာစစ်တပ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် အမှန်တကယ် စိတ်ဝင်စားခြင်း မရှိသည်မှာ ထင်ရှားပါသည်။

တရုတ်နိုင်ငံအနေဖြင့် အဆိုပါ အရင်းအနှီးများကို အာဏာသိမ်းရန် ကြိုးပမ်းနေသည့် မြန်မာစစ်တပ်ကို ဆန့်ကျင်တွန်းလှန်နေသော အစုအဖွဲ့များနှင့်သာ လုပ်ဆောင်သင့်ပါသည်။

အဆိုပါ ဆွေးနွေးလုပ်ဆောင်မှုများကို အမျိုးသားညီညွတ်ရေး အစိုးရ (NUG)၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ သပိတ်ကော်မတီ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အစုအဖွဲ့များနှင့် အခြားကိုယ်စားလှယ်များ ပါဝင်ကြသည့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (NUCC) က ဆောင်ရွက်နေပါသည်။

(၇) တရားမဝင် အာဏာသိမ်း စစ်တပ်အား အသိအမှတ်ပြုခြင်းနှင့် တရားဝင်ဖြစ်အောင် လုပ်ဆောင်သည့် အဆင့်မြင့် တွေ့ဆုံမှုများကို ရပ်တန့်ရမည်။

မြန်မာစစ်တပ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တရားဝင်အစိုးရအား အကြမ်းဖက် အင်အားသုံး ဖြုတ်ချပြီး မြန်မာပြည်သူများကို ပစ်မှတ်ထားသည့် စစ်ဆင်ရေးများဖြင့် တိုက်ခိုက်လျက်ရှိပါသည်။

အာဏာသိမ်းရန်ကြိုးပမ်းနေသည့် မြန်မာစစ်တပ်အား မည်သို့မျှ တရားဝင်အစိုးရအနေဖြင့် သတ်မှတ်မည် မဟုတ်ပါ။

ဝဏ္ဏမောင်လွင်အား တရုတ်နိုင်ငံသို့ ဖိတ်ကြားပြီး တရုတ်အထူးသံ ဝမ်ရီက အဆင့်တူ ကိုယ်စားလှယ် အနေဖြင့် ရည်ညွှန်းခြင်းဖြင့် လူမျိုးတုံး သတ်ဖြတ်သည့် မြန်မာစစ်တပ်အား တရုတ်အစိုးရက အသိမှတ်ပြုသည့် လုပ်ရပ်ကို မြန်မာပြည်သူများက အလွန်အမင်း ထိခိုက် ဒေါသထွက်ကြပါသည်။

မြန်မာပြည်သူလူထုအနေဖြင့် တရုတ်အထူးသံ ဝမ်ရီ၏ အဆင့်အတန်းကို အသိအမှတ် ပြုထားသော်လည်း စစ်ရာဇဝတ်ကျူးလွန်သည့် အကြမ်းဖက်အဖွဲ့မှ ဝဏ္ဏမောင်လွင်အား အဆင့်တူ ကိုယ်စားလှယ်အဖြစ် သတ်မှတ်သည့် မလျော်မကန် လုပ်ရပ်ကြောင့် အရှက်ရစရာဖြစ်ကြောင်း မှတ်ယူမိပါသည်။

*

လူကြီးမင်း သိထားသည့်အတိုင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် မြစ်တစ်ခုတည်းမှ ရေကို သောက်သုံးကြသည့် အိမ်နီးချင်းနိုင်ငံ ဖြစ်သည့်အလျောက် အလုံးစုံ ချိတ်ဆက်နေသည့် နှစ်နိုင်ငံ ဖြစ်ပါသည်။

ကျွန်ုပ်တို့ မြန်မာပြည်သူလူထုသည် တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံမှု ကောင်းမွန်လာစေရန် လိုလား ပါသည်။

ကျွန်ုပ်တို့အနေဖြင့် နှစ်ပေါင်းများစွာ စစ်အာဏာရှင်၏ ဖိနှိပ်မှုအောက်တွင် မနေလိုသည့်အတွက် ရုန်းကန်လှုပ်ရှားခဲ့သော်လည်း မတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်း၊ ဆင်းရဲမွဲတေခြင်းနှင့် ပြည်တွင်းစစ်မီးများကိုသာ ကြုံတွေ့နေကြပါသည်။

ကျွန်ုပ်တို့ မြန်မာပြည်သူလူထုအနေဖြင့် မိမိတို့ သဘောတူ ထောက်ခံသည့် အစိုးရတစ်ရပ် ရရှိပိုင်ခွင့် အပြည့်အဝရှိပါသည်။

တရုတ်နိုင်ငံမှ ကျွန်ုပ်တို့ မြန်မာပြည်သူလူထု၏ ဆုံးဖြတ်ချက်ကို လေးစားပြီး လူမျိုးတုံး သတ်ဖြတ်သည့် မြန်မာစစ်တပ်ကို ထောက်ပံ့နေခြင်းကို အမြန်ဆုံးရပ်တန့်ရန် လိုအပ်ပါသည်။

ထိုမှသာလျှင် လက်ရှိပဋိပက္ခကို အလျှန်အမြန်ဆုံး ရပ်တန့်နိုင်မည်ဖြစ်ပြီး နိုင်ငံတွင်း စစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးကို ပြန်လည်ရယူနိုင်မည် ဖြစ်ပါသည်။

ဆက်သွယ်ရန်

သဉ္ဇာရွှန်းလဲ့ရည်
+959795574775 Signal

ရဲလင်းမြင့်
+95 9966878881 Signal

| စဉ် | အဖွဲ့အစည်းအမည် |
|---|---|
| 1 | A Lin Thitsar |
| 2 | ACDD (Action Committee for Democracy Development) |
| 3 | AFCC ( Anti-junta Force Coordination Committee Mandalay ) |
| 4 | Ah Nah Podcast - conversation with Myanmar |
| 5 | ANargat Alinn |
| 6 | Anti Dictatorship in Burma - DC Metropolitan Area ( ADB - DCMA ) |
| 7 | Athan |
| 8 | Ayeyarwaddy Journalist Society - AJS |
| 9 | Basic Education Worker's |
| 10 | Blood Money Campaign |
| 11 | Burmese Women’s Union |
| 12 | CDM Support Team Mandalay (CSTM) |
| 13 | CHRO Chin Human Rights Organization |
| 14 | CRPH & NUG supporters Ireland |
| 15 | CRPH Funding Ireland |
| 16 | CRPH Support Group, Norway |
| 17 | Dawei Probono Lawyer Network |
| 18 | Delta News Agency (DNA) |
| 19 | Democracy Movement Strike Committee(Dawei) |
| 20 | Democracy, Peace and Women’s Organization |
| 21 | Democratic Youth Council |
| 22 | Educational Initiatives Myanmar |
| 23 | EQMM Equality Myanmar |
| 24 | Federation of General Workers Myanmar |
| 25 | Future Light Center |
| 26 | Future Thanlwin |
| 27 | Generation Wave |
| 28 | GSCN ( General Strike Committee of Nationalities ) |
| 29 | HKA SHI Kachin Environment and Natural Resource Network |
| 30 | Human Rights Defenders and Promoters |
| 31 | Human Rights Foundation of Monland |
| 32 | India For Myanmar |
| 33 | Karen Human Rights Group |
| 34 | Karenni Civil Society Network |
| 35 | Kayah Liphu Youth (ကယား လီဖူ လူငယ်အဖွဲ့) |
| 36 | Keng Tung Youth |
| 37 | KESAN Karen Environmental and Social Action Network |
| 38 | KOREA MYANMAR SOLIDARITY |
| 39 | KPSN Karen Peace Support Network |
| 40 | Kyauktada strike committee (KSC ) |
| 41 | Lands In Our Hand |
| 42 | LGBTIQ (လိင်စိတ်ခံယူမှုကွဲပြားသူများ) သပိတ်စစ်ကြောင်း (LGBTIQ Strike Column) |

43 MCRS Myanmar Cultural Research Society
44 Metta Campaign
45 MIIT ကျောင်းသားကျောင်းသူများ သပိတ်စစ်ကြောင်း (MIIT Student Strike Column)
46 Minhla Youth Center
47 MPA (SS)
48 Myanmar Labour News
49 NRFF - New Rehmonnya Federated Force
50 Nway Oo Guru Lay Myar
51 Nyan Lin Thit Analytica
52 Olive Organization
53 Progressive Voice
54 Sagaing MATA
55 Save and Care Organization for Ethnic Women at Border Areas
56 Seven Star
57 Shan MATA
58 Sisters 2 Sisters
59 Sitt Nyein Pann Foundation
60 Southern Youth Development Organization
61 SYCB Students and Youth Congress of Burma
62 Synergy Social Harmony Organization
63 Ta'ang Legal Aid
64 Tanintharyi MATA
65 Tavoy Women's Union
66 Technological Teachers' Federation - TTF
67 Thint Myat Lo Thu Myar Organization
68 Twitter Team for Revolution
69 Unions Streering Committee
70 Visionary Support Team
71 Way Mhya Myitta
72 Yone Htwet Soet
73 ကျန်းမာရေးမိသားစု - မန္တလေး (Medical Family – Mandalay)
74 ကွန်ပျူတာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
(Computer University (Mandalay) Student Union)
75 ချမ်းမြသာစည်မြို့နယ် လူထုသပိတ်စစ်ကြောင်း
(Chan Mya Thar Si Township People Strike Column)
76 စိန်ပန်း သပိတ်စစ်ကြောင်း (Sein Pan Strike Column)
77 ဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
(Medical University (Mandalay) Student Union )
78 ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
(Paramedical Technical University (Mandalay) Student Union)
79 ဆေးဝါးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ

(Pharmacy University (Mandalay) Student Union)

80 တမ္ပဝတီ လူထုသပိတ်စစ်ကြောင်း (Tanpa Wati People Strike Column)

81 တိုက်ကွမ်ဒို အားကစားအသင်း Taekwando Sport Association

82 တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
(Traditional Medicine (Mandalay) Student Union)

83 တိုင်းရင်းသားလူငယ်များ အထွေထွေသပိတ်ကော်မတီ
(Ethnic Youth General Strike Committee)

84 ဒေါင်းစစ်သည် (Daung Sit Thi)

85 နည်းပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
(Technical University (Mandalay) Student Union)

86 နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)ကျောင်းသားများသမဂ္ဂ
(Technical University (Yadanapone Ciber City) Student Union)

87 ပညာရေးမိသားစု (စစ်အာဏာရှင်ဆန့်ကျင်ရေး ပညာရေးစစ်ကြောင်းများ ချိတ်ဆက်ညှိနှိုင်းရေးကော်မတီ)
Education Family ( Anti - Fascists Education Strike Columns Coordination Committee )

88 ပြည်ကြီးတံခွန်သပိတ် (Pyi Gyi Ta Gon Strike)

89 ပြည်သူ့ပန်းတိုင် (Peoples' Goal)

90 ပုဂ္ဂလိက မူကြိုဆရာ၊ ဆရာမများအဖွဲ့ (Private Pre- school Teachers Association)

91 ဘာသာပေါင်းစုံ သပိတ်စစ်ကြောင်း (Inter - Faith Strike Column)

92 ဘုရားကြီး ငြိမ်းချမ်းရေးသပိတ်စစ်ကြောင်း (Phayagye Peace Strike Column)

93 မန္တလာတက္ကသိုလ် ကျောင်းသားကျောင်းသူများသပိတ်စစ်ကြောင်း
(Mandalar University Student Strike Column)

94 မန္တလာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (Mandalar University Student Union)

95 မန္တလေး ကဗျာဆရာများသမဂ္ဂ (Mandalay Poets’ Union)

96 မန္တလေး ကုန်စည်ဒိုင်သပိတ်စစ်ကြောင်း (Mandalay Wholesale Strike Column)

97 မန္တလေး၊ တက္ကသိုလ် ဒီဂရီ၊ ကောလိပ် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ သပိတ်စစ်ကြောင်း
(Strike Column of Teachers from Universities and Degree Colleges of Mandalay)

98 မန္တလေးကွန်ပျူတာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
(Mandalay Computer University Student Union)

99 မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ သပိတ်စစ်ကြောင်း
(Mandalay University Student Alumni Union)

100 မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားပြုကော်မတီ

(Committee Representing Mandalay Region Hluttaw)

101 မန္တလေးနည်းပညာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
(Mandalay Technical University Student Union)

102 မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
(Mandalay Foreign Language University Student Union)

103 မန္တလေးပုဂ္ဂလိကတက္ကသိုလ် ကျောင်းသားများသမဂ္ဂ
(MPUSU) (Mandalay Private University Student Union ( MPUSU ))

104 မန္တလေးမြို့အခြေစိုက် လူထုသပိတ်စစ်ကြောင်း
(Mandalay Based People Strike Column)

105 မန္တလေးမဟာမိတ် သပိတ်တပ်ပေါင်းစုစစ်ကြောင်း
(Mandalay Alliance Strike Collective Column)

106 မန္တလေးလူငယ် သပိတ်စစ်ကြောင်း (Mandalay Youth Strike Column)

107 မန္တလေးအင်ဂျင်နီယာ တပ်ပေါင်းစု (Mandalay Engineer United Force)

108 မန္တလေးအင်ဂျင်နီယာများအဖွဲ့ (Mandalay Engineer Group)

109 မန္တလေးအရပ်ဖက်အဖွဲ့အစည်းများ (Mandalay Civil Society Organizations)

110 မြတောင် သပိတ်စစ်ကြောင်း (Mya Taung Strike Column)

111 မြန်မာနိုင်ငံဘဏ်အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်
(Bank Trade Unions Federation of Myanmar – BTUFM)

112 မြန်မာ့မီးရထား တိုင်းအမှတ် (၃) CDM ဝန်ထမ်းများ သပိတ်စစ်ကြောင်း
(Myanmar Railway, Region (3) CDm Strike Column)

113 မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
(Myanmar Information Technology University (Mandalay) Student Union)

114 မူဆလင်လူငယ်များအဖွဲ့ (Muslim Youth Union)

115 မဟာအောင်မြေမြို့နယ် စုပေါင်းလူထုသပိတ်စစ်ကြောင်း
(Maha Aung Myay Township People Collective Strike Column)

116 ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရ.တ.က.သ)
(Yadanapone University Student Union - Ya. Ta. Ka. Tha)

117 ရုန်းကန်သံ အဖွဲ့ Yone Kan Than

118 လူငယ်ကဗျာဆရာများသမဂ္ဂ (Youth Poet Union)

119 သံဃသမဂ္ဂ သပိတ်စစ်ကြောင်း (Sangha Samaga Strike Column)

120 သပြေညို သတင်းလွှာ (Thapaynyo News Letter)

121 သမဝါယမတက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများ သပိတ်စစ်ကြောင်း

(Cooperative University Student Strike Column)

122 သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
(University of Dentistry (Mandalay) Student Union)

123 သားဖွားသင်တန်းကျောင်း(မန္တလေး)ကျောင်းသားများသမဂ္ဂ
(Midwives Training School (Mandalay) Student Union )

124 သူနာပြုတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
(Nursing University (Mandalay) Student Union)

125 သူနာပြုသင်တန်းကျောင်း(မန္တလေး)ကျောင်းသားများသမဂ္ဂ
(Nursing Training School (Mandalay) Student Union)

126 အ.ထ.က (၇) ကျောင်းသူ၊ ကျောင်းသားဟောင်းများ သပိတ်စစ်ကြောင်း
(No 7 State High School Alumni Strike Column)

127 အ.လ.က (၁၂) ထခွဲ၊ အခြေခံပညာကျောင်းသားများသမဂ္ဂ (အ.က.သ)
(Ah. La. Ka (12) Hta Khwe. Primary Education Student Union)

128 အဖမ်းဆီးခံပြည်သူများ ကိုယ်စားပြုသပိတ်စစ်ကြောင်း
(Strike Column of Representatives of Arbitrarily Arrested People)

129 အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)
(National League for Democracy (Mandalay Region))

130 အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
(National Culture and Arts University (Mandalay) Student Union)

131 အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (League of Labour Union)

132 အောင်ပင်လယ် ပင်မသပိတ်စစ်ကြောင်း
(Aung Pin Lae Main Strike Column)

133 အောင်မြေသာစံ ပညာရေးကျောင်းပေါင်းစုံ သပိတ်စစ်ကြောင်း
(Aung Myay Thar Zan Education Schools Strike Column)

134 Shwechinthae Social Service Group( Shwebo )

135 CRSH Committee Representing Sagaing Region Hluttaw
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားပြုကော်မီတီ

**(မှတ်ချက်။ ။ ပါဝင်လက်မှတ်ထိုးသည့် အဖွဲ့ပေါင်း ၅၅၈ ဖွဲ့ အနက် ၄၂၃ ဖွဲ့သည် လုံခြုံရေးကြောင့် အမည်ဖော်ပြနိုင်ခြင်း မရှိပါ။)**